# ကာကွယ်ဆေးသတင်းအချက်အလက်များ

| ကာကွယ်ဆေး/ကာကွယ်နိုင်သောရောဂါ | ရောဂါနောက်ဆက်တွဲများ |
|---|---|
| **ကိုဗစ်-၁၉:** နှာခေါင်း၊ လည်ချောင်း သို့မဟုတ်အဆုတ်တို့သို့ ကူးစက်တတ်သော ဗိုင်းရပ်စ်ပိုးကူးစက်ခြင်း၊ အအေးမိခြင်း သို့မဟုတ် တုတ်ကွေးကဲ့သို့ ခံစားရနိုင်ပါသည်။ | အဆုတ်တွင်ပိုးဝင်ခြင်း(နြုမိုးနီးယား); သွေးခဲခြင်း; အသည်း၊ နှလုံး သို့မဟုတ် ကျောက်ကပ်ပျက်စီးခြင်း; နာတာရှည်ကိုဗစ်; သေဆုံးခြင်း |
| **ရေကျောက်(ဗါရီဆယ်လာ):** အဖုများတက်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် ယားယံခြင်း၊ နီမြန်းခြင်း၊ အဖုများဖြစ်ပေါ်စေသော ဗိုင်းရပ်စ်ပိုးကူးစက်ခြင်း၊ လေထုထဲမှအပြင် တိုက်ရိုက်ထိတွေ့မှုမှတဆင့် ကူးစက်တက်သည်။ | ပိုးဝင်ထားသောအနာများ၊ ဦးနှောက်ရောင်ရမ်းခြင်း၊ အဆုတ်တွင် ပိုးဝင်ခြင်း(နြုမိုးနီးယား)၊ သေဆုံးခြင်း |
| **ဆုံဆို့နာ- နှာခေါင်း၊** လည်ချောင်းနှင့် တစ်ခါတစ်ရံတွင် အဆုတ်မှကူးစက်တတ်သော ဘက်တီးရီးယားပိုးဝင်ခြင်း၊ လေထုထဲမှနှင့် တိုက်ရိုက်ထိတွေ့မှုတို့မှတဆင့် ကူးဆက်တတ်ပါသည်။ | နှလုံးကြွက်သားများရောင်ရမ်းခြင်း၊ နှလုံးအလုပ်မလုပ်တော့ခြင်း၊ သတိလစ်မေ့မျောခြင်း၊ လေငန်းဖြစ်ခြင်း၊ သေဆုံးခြင်း |
| **DTaP:** မေးခိုင်၊ ဆုံဆို့နာနှင့် ကြက်ညှာရောဂါတို့ကို ကာကွယ်ပေးပါသည်။ | ရောဂါတစ်ခုခြင်းစီအတွက် အချက်အလက်များကိုကြည့်ပါ |
| **အသည်းရောင်အေ:** အသည်းပိုးဝင်ပြီး ကူးစက်တတ်သည့် ဗိုင်းရပ်စ်ပိုးဝင်ခြင်း; မသန့်ရှင်းသောအစားအစာ သို့မဟုတ်သောက်စရာ တို့ကို စားသုံးမိခြင်း သို့မဟုတ် ကူးစက်ခံထားရသောသူနှင့် အနီးကပ်ထိတွေ့ဆက်ဆံခြင်းဖြင့်း ကူးစက်ပျံ့နှံ့တတ်ပါသည်။ | အသည်းအလုပ်မလုပ်ခြင်း၊ သေဆုံးခြင်း |
| **အသည်းရောင်ဘီ:** အသည်းပိုးဝင်ပြီး ကူးစက်တတ်သည့် ဗိုင်းရပ်စ်ပိုးဝင်ခြင်း; သွေးနှင့် သုတ်ကဲ့သို့ ခန္ဓာကိုယ်ရှိအရည်များမှတဆင့် ထိတွေ့ကူးစက်ပျံ့နှံ့တတ်ပါသည်။ | နာတာရှည်အသည်းပိုးဝင်ခြင်း၊ အသည်းအလုပ်မလုပ်ခြင်း၊ အသည်းကင်ဆာ၊ သေဆုံးခြင်း |
| **Hib(ဟီမိုဖီးလပ်အင်ဖလူဝမ်ဇာ ပုံစံဘီ):** အဆုတ်၊ ဦးနှောက်၊ ကျောရိုးနှင့် သွေးကြောများတွင် ကူးစက်တတ်သည့် ဗိုင်းရပ်စ်ပိုးဝင်ခြင်း; တိုက်ရိုက်ထိတွေ့မှုနှင့် လေမှတဆင့် ကူးစက်တတ်ပါသည်။ | ခန္ဓာကိုယ်အစိတ်အပိုင်းပေါ်မူတည်ပြီး ပိုးဝင်ခြင်းဖြစ်တတ်သော်လည်း ဦးနှောက်ပျက်စီးခြင်း၊ အကြားအာရုံထိခိုက်ခြင်း၊ လက် သို့မဟုတ် ခြေထောက်ဆုံးရှုံးရခြင်း၊ သေဆုံးခြင်းများ ပါဝင်တတ်ပါသည်။ |
| **အင်ဖလူဝမ်ဇာ(တုပ်ကွေး):** နှာခေါင်း၊ လည်ချောင်းနှင့် တခါတရံ အဆုတ်မှ ကူးစက်တတ်သည့် ဗိုင်းရပ်စ်ပိုးဝင်ခြင်း; တိုက်ရိုက်ထိတွေ့မှုနှင့် လေမှတဆင့် ကူးစက်တတ်ပါသည်။ | အဆုတ်တွင် ပိုးဝင်ခြင်း(နြုမိုးနီးယား)၊ နှာခေါင်းနှင့် နားတွင်ပိုးဝင်ခြင်း၊ နှလုံးသို့မဟုတ် အဆုတ်အခြေနေများပိုဆိုးလာခြင်း၊ သေဆုံးခြင်း |
| **ဝက်သက်(Rubeola):** အဖုများကြီးခြင်း၊ ချောင်းဆိုးခြင်း၊ မျက်လုံးနီခြင်း၊ နှာရယ်ယိုခြင်းနှင့် အဖုများကိုဖြစ်စေသော ကူးစက်တတ်သည့် ဗိုင်းရပ်စ်ပိုးများ ; တိုက်ရိုက်ထိတွေ့မှုနှင့် လေမှတဆင့် ကူးစက်တတ်ပါသည်။ | ဦးနှောက်ရောင်းရမ်းခြင်း၊ အဆုတ်တွင် ပိုးဝင်ခြင်း(နြုမိုးနီးယား)၊ သေဆုံးခြင်း |

# ကာကွယ်ဆေးသတင်းအချက်အလက်များ

| ကာကွယ်ဆေး/ကာကွယ်နိုင်သောရောဂါ | ရှုပ်ထွေးမှုများ |
|---|---|
| **MMR:** ဝက်သက်၊ ပါးချိတ်ရောင်ခြင်းနှင့် ဂျိုက်သိုးရောဂါတို့ကို ကာကွယ်ပေးပါသည်။ | ရောဂါတစ်ခုချင်းစီအတွက် သတင်းအချက်အလက်များဖတ်ရှုပါ။ |
| **ပါးချိတ်ရောင်ခြင်း :** ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ပါးရောင်ရမ်းခြင်းနှင့် မေးရိုးအနည်းငယ်ရောင်ရမ်းခြင်းတို့ကို ဖြစ်စေသောကူးစက်တတ်သည့် ဗိုင်းရပ်စ်ပိုးဝင်ခြင်း; တိုက်ရိုက်ထိတွေ့မှုနှင့် လေမှတဆင့် ကူးစက်တတ်ပါသည်။ | ဦးနှောက်ရောင်ရမ်းခြင်း၊ နာကျင်ခြင်း နှင့် ဝှေးစေ့ သို့မဟုတ် သားဥအိမ်ယောင်ယမ်းခြင်း၊ နားမကြားခြင်း၊ သေဆုံးခြင်း |
| **ပါတူစစ်(ကြက်ညှာချောင်းဆိုး):** လေဝင်ထွက်ရာလမ်းကြောင်းနှင့် အဆုတ်တို့သို့ ဘက်တီးရီးယားပိုးဝင်ခြင်း: တိုက်ရိုက်ထိတွေ့မှုနှင့် လေမှတဆင့် ကူးစက်တတ်ပါသည်။ | အဆုတ်တွင် ပိုးဝင်ခြင်း(နျူမိုးနီးယား)နှင့် သေဆုံးခြင်း; အထူးသဖြင့် ကလေးများအတွက် အန္တရာယ်ရှိပါသည်။ |
| **နျူမိုကိုကယ်:** နား၊နှာခေါင်း၊ အဆုတ် သို့မဟုတ် သွေးကြောမှတဆင့် ဘက်တီးရီးယားပိုးဝင်ခြင်း; တံတွေးနှင့် သလိပ်ကဲ့သို့ အသက်ရှူလမ်းကြောင်းမှထွက်သောအရည်များနှင့် တိုက်ရိုက်ထိတွေ့ ပျံ့နှံ့တတ်ပါသည်။ | ခန္ဓာကိုယ်အစိတ်အပိုင်းပေါ်မူတည်ပြီး ပိုးဝင်ခြင်းဖြစ်တတ်သော်လည်း အဆုတ်တွင် ပိုးဝင်ခြင်း(နျူမိုးနီးယား)၊ သွေးအဆိပ်သင့်ခြင်း၊ ကျောရိုးနံရံနှင့် ဦးနှောက်နံရံတို့တွင် ပိုးဝင်ခြင်း၊ သေဆုံးခြင်းများ ဖြစ်တတ်ပါသည်။ |
| **ပိုလီယို:** အာရုံကြောနှင့် ဦးနှောက်ကိုကူးစက်တတ်သောရောဂါပိုး ; ညစ်ညမ်းသောလက်၊ အစားအစာ သို့မဟုတ် သောက်စရာနှင့် လေနှင့် တိုက်ရိုက်ထိတွေ့မှုတို့မှတဆင့် ပါးစပ်နှင့် မစင်မှဆင့်ပျံ့နှံ့တတ်ပါသည်။ | လေငန်းရောဂါ၊ သေဆုံးခြင်း |
| **ရိုတာဗိုင်းရပ်စ်:** ကူးစက်တတ်သောအူလမ်းကြောင်းရောဂါ; ပါးစပ်မှတဆင့် လက်နှင့် အစားအသောက်မသန့်ရှင်းမှုနှင့် မစင်မှတဆင့် ပျံ့နှံ့တတ်ပါသည်။ | အလွန်ဝမ်းသွားခြင်း၊ ရေဓါတ်ခမ်းခြောက်ခြင်း၊ သေဆုံးခြင်း |
| **RSV(အသက်ရှူလမ်းကြောင်းဆိုင်ရာ ဆင်ဆိုင်ရှယ်ရောဂါပိုး):** နှာခေါင်း၊ လည်ချောင်းနှင့် တခါတရံ အဆုတ်တို့ကိုရောဂါကူးစက် လွယ်သောရောဂါ; တိုက်ရိုက်ထိတွေ့မှုနှင့် လေထဲမှတဆင့်ကူးစက်ပျံ့ပွားတတ်ပါသည်။ | အဆုတ်တွင် ပိုးဝင်ခြင်း(နျူမိုးနီးယား) နှင့် အဆုတ်လေပြွန်သေးငယ်ခြင်း၊ အထူးသဖြင့် ကလေးငယ်များနှင့် မွေးကင်းစကလေးများအတွက် အန္တရာယ်ရှိပါသည်။ |
| **ဂျိုက်သိုးရောဂါ (ဂျာမန်ဝက်သက်):** အနည်းငယ်ဖျားနာခြင်း၊ လေချောင်နာခြင်းနှင့် အနာအဖုများဖြစ်စေတတ်သော ကူးစက်လွယ်သောရောဂါ; တိုက်ရိုက်ထိတွေ့မှုနှင့် လေထဲမှတဆင့်ကူးစက်ပျံ့ပွားတတ်ပါသည်။ | ကိုယ်ဝန်ဆောင်သူများအတွက် အန္တရာယ်ကြီးမားသည်; ကိုယ်ဝန်ပျက်ကျခြင်း သို့မဟုတ် မေးဖွားစဉ်ကလေးသေဆုံးခြင်း၊ မွေးရက်မစေ့ပဲမွေးဖွားခြင်း၊ မွေးရာပါချို့ယွင်းချက်ကြီးကြီးမားမားရှိခြင်း |
| **မေးခိုင်ရောဂါ(မေးရိုးလှုပ်မရခြင်း):** မြေဆီလွှာနှင့်ဖုန်မှုန့်များတွင် တွေ့ရတတ်သည့် ပိုးမွှားများကြောင့် ဦးနှောက်နှင့်အာရုံကြောများတွင် ဘက်တီးရီးယားပိုးဝင်ခြင်း; ပိုးမွှားများသည် ခန္ဓာကိုယ်အတွင်းသို့ ဒဏ်ရာနှင့် အရေပြားပေါက်ပြဲမှုတို့မှတဆင့် ဝင်ရောက်ပါသည်။ | တက်ခြင်း၊ အရိုးကျိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ သေဆုံးခြင်း။ |